
Swae Nyoe
စွဲညို
စာစဉ် – ၁၁
မြေခွေးလေးရဲ့
ချစ်ခြင်းဒဏ္ဍာရီ
စွဲညို

# အခန်း ၁၄၆

"ဒါဆို ဆရာ ကျွန်တော့်ကို ခွင့်ပြုပါအုံး"

ဟူအာက ကျန်းမင်ရှီနုတ်မင်းကို နှုတ်ဆက်ပြီးနောက် သူ၏မိုးကြိုးနီနန်းဆောင်သို့ ပြန်လာခဲ့လိုက်သည်။

"နန်းဆောင်သခင် ပြန်လာပြီလား"

နန်းဆောင်အတွင်းသို့ ဝင်လိုက်သည်နှင့် ထိုများပြားလှသော နတ်အစေခံငယ်များက ကြိုဆိုနှုတ်ဆက်ကြလေသည်။ ထိုနတ်အစေခံငယ်များကို ကြည့်လိုက်ပြီးနောက် ဟူအာ စိတ်ရှုပ်ထွေးသွားမိသည်။

သူ၏ မိုးကြိုးနီနန်းဆောင်က ကဇာတ်ရုံတစ်ခု အဖြစ်သို့ ဘယ်တုန်းက များ ပြောင်းလဲသွားပါလိမ့်။ သူတောင်မှ မသိလိုက်ရချေ။

"မေ့ဟော်.. ကျွင်းကျီ"

ဟူအာ ခေါ်လိုက်သည်နှင့် လုံဆစ်အပါအဝင် နန်းဆောင်ထိန်းသိမ်းစောင့်ရှောက်သူ နှစ်ဦးက ဟူအာအနားတွင် ရောက်လာ၏။

"အရှင့်သား နန်းဆောင်ကို ပြန်ရောက်လာတာကို ကြိုဆိုပါတယ်"

လုံဆစ်၊ မေ့ဟော်နှင့် ကျွင်းကျီက ဟူအာကို ပြိုင်တူ နှုတ်ဆက်လိုက်ပြီးနောက် ကျန်သော အစေခံများကလည်း ညီညီညာညာ နှုတ်ဆက်လာသည်။ ဟူအာ ပို၍ပင် ရှုပ်ထွေးသွားရ၏။

ဟူအာ ထိုလှပချောမောလှသည့် နတ်အစေခံဝတ်စုံဖြင့် အမျိုးသမီး နတ်သူငယ်များကို မေးငေါ့လိုက်ပြီးနောက် မေ့ဟော်ကို မေးမြန်းလိုက်သည်။

"ငါ့နန်းဆောင်မှာ ဘယ်လို ဖြစ်ပြီးတော့ အစေခံတွေ ဒီလောက်များနေရတာလဲ။ ငါ့ ခမည်းတော်ရဲ့နန်းဆောင်တောင်မှ ငါ့နန်းဆောင်လောက် မများဘူး"

"ဒါ.. ဒါက.."

မေ့ဟော်က ထစ်အနေပြီးနောက် ဟူအာရှေ့တွင် ဖုတ်ခနဲ ဒူးထောက် ထိုင်ချလိုက်သည်။

"ဒီအစေခံက ကောင်းကင်အစေခံကွပ်ကဲရေးကနေ အစေခံတွေ နေ့တိုင်းပေးပို့နေတာကို မတားဆီးနိုင်ခဲ့ပါဘူး။ ပြီးတော့ သူတို့တွေက သင့်တော်တဲ့အကြောင်းပြချက် ကိုယ်စီနဲ့ ဒီနန်းဆောင်မှာ လအနည်းငယ်စီ တာဝန်ထမ်းဆောင်ကြမှာ ဖြစ်ပြီးတော့ သင့်တော်တဲ့ တန်ကြေးကိုလည်း ကောင်းကင်အစေခံကွပ်ကဲရေးကနေဘဲ ပေးမှာ ဆိုတော့ ဒီအစေခံက အဲဒီအကြောင်းအရင်းကို ကိုင်တွယ်ဖို့ အင်အား အလုံအလောက် မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီလိုမျိုး ဖြစ်သွားပါတယ်"

ဟူအာ ထိုနေရာတွင် မှင်တက်စွာ ရပ်နေလိုက်မိပြီးနောက် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကောင်းပြီ ငါ မင်းတို့ကို ခက်ခဲအောင် မလုပ်ဘူး။ ငါ့မျက်စိရှေ့မှာသာ မပေါ်လာရင် အားလုံး အဆင်ပြေတယ်။ လုံဆစ် ကျွင်းကျီ ငါနဲ့လိုက်ခဲ့"

လုံဆစ်နှင့် ကျွင်းကျီကို ခေါ်လိုက်ပြီးနောက် ပင်မခန်းမဆောင်အတွင်းသို့ လှမ်းဝင်လိုက်သည်။

"ကြယ်တာရာဒေသရဲ့ အခြေအနေ ဘယ်လိုရှိလဲ"

လုံဆစ်က ပြောလာသည်။

"အရှင့်သား တောင်ပင်လယ်ကနေ ပင်လယ်ရေထောက်ပံ့မှုကို ကြိုတင်ပေးပို့ထားပေးပါတယ်။ ပင်လယ်ရေအတွက် အဖွဲ့တစ်ခုကို ဖွဲ့ထားပြီးတော့ ပင်လယ်ရေစီးကြောင်း လမ်းကြောင်းကနေ ပို့ဆောင်ပေးပါတယ်။ ဒီအတွက်ကို အရှင့်သားနဲ့ ဖြေရှင်းမယ်လို့ သူတို့က ပြောပါတယ်"

"သူတို့ရဲ့ ကျင့်ကြံမှုအခြေအနေ ဘယ်လို ရှိလဲ သူတို့ နောင်မှာ ပိုကောင်းလာနိုင်မလား"

ကျွင်းကျီက ရှေ့သို့ တိုးလာပြီး ပြောသည်။

"သူတို့ရဲ့ ကျင့်ကြံမှု အခြေအနေက ပိုကောင်းလာပေမဲ့ သူတို့က အကာအရံထဲမှာပဲ နေလို့ ရသေးပါတယ်။ နောက်ကျရင် တဖြည်းဖြည်းနဲ့ ပိုကောင်းတာကို လုပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ကျောက်တုံးတွေရဲ့ ပွားမြားနှုန်းကရော ဘယ်လိုရှိလဲ"

"အဲဒီကိစ္စကို အရှင့်သားက ပန်းတစ်ရာနန်းဆောင်ထဲမှာ တံခါးပိတ်ကျင့်ကြံနေလို့ မတင်လျှောက် ရသေးတာပါ။ ကျိုးလျန်နတ်မင်းက သူ့အိမ်တော်မှာ ရှိတဲ့ ကျောက်တုံး တချို့ကို စုစည်းပြီးတော့ ကြယ်တာရာဒေသဆီကို ပို့လိုက်ပါတယ်။ ကျောက်တုံးတွေကို ပွားမြားဖို့ ကြယ်တာရာဒေသက နတ်ငယ်လေးတွေကို စုစည်းပြီးတော့ အစုအဖွဲ့တစ်ခု ပြုလုပ်ထားပါတယ်။ ပြီးတော့ ပွားမြားလာတဲ့ ကျောက်တုံးတွေကို အိမ်ထောင်စုတွေအတွက် ခွဲတမ်းကျ ထုတ်ပေးဖို့ စီမံထားပါတယ်"

"ဒါဆိုရင် လတ်တလော သူတို့ရဲ့ နတ်သက်ကြွေနှုန်းနဲ့ နတ်စွမ်းအားအတွက် အဆင်ပြေသွားပြီ ဒီတော့ သူတို့ရဲ့ စားသောက်နေဖိုင်ဖို့ ကိစ္စကို ငါ

တို့ အာရုံစိုက်လို့ ရပြီ ငါ စမ်းသပ်ချင်တာ ရှိသေးတယ် ကျွင်းကျီက မနက်ဖြန်ကျရင် ငါနဲ့ စိမ့်စမ်းပြာအိုင်ကို လိုက်လာပြီးတော့ ကန်ရေနည်းနည်းကို ယူသွား ပြီးရင် ကြယ်တာရာဒေသရဲ့ အကာအရံထဲက မြေဆီလွှာကို ပြုပြင်နိုင်မလားဆိုတာကို သွားစမ်းသပ်ရမယ်"

ဟူအာက ကျွင်းကျီကို အမိန့်ပေးလိုက်ပြီးနောက် လုံဆစ်ကို ဆက်ပြောသည်။

"ဒီလအတွင်း အိမ်ရှေ့မင်းသားရဲ့ ကောင်းကင်အကာအကွယ်နန်းဆောင်ကနေ ဘာသတင်းကြားလဲ"

လုံဆစ်က အနည်းငယ် တွေးလိုက်ပြီးနောက် ပြောသည်။

"ပင်လယ်ရေနန်းတော်အရှင်တွေနဲ့ တွေ့ဆုံတယ် ဆိုတာကိုတော့ ကြားပေမဲ့ အိမ်ရှေ့မင်းသားက အရှင့်သားကို အနှောင့်အယှက်မပေးဖို့ သီးသန့်မှာကြားထားပါတယ်။ အိမ်ရှေ့မင်းသားက အရှင့်သား တံခါးပိတ်ကျင့်ကြံမှု ဝင်အုံးမယ်လို့ မှာကြားထားပါတယ်။ ဒါကြောင့် ညီလာခံက နတ်မင်းတွေနဲ့ အကြီးအကဲနတ်တွေတောင် အရှင့်သားကို လာမရှာကြတာပါ"

"နားလည်ပြီ ဒါဆို.. အိမ်ရှေ့စံက ငါ့ကို မှာထားတယ်။ ကောင်းကင်ဇကရီရဲ့ နန်းဆောင်ကို ဝင်ဖို့ လက်ဆောင်ကို သူ ပြင်ထားပေးမယ်တဲ့ အဲဒါကို မင်း သွားယူလာခဲ့ ငါနဲ့သင့်တော်တဲ့ အတတ်ပညာတစ်ခုခု ရှာမတွေ့သေးခင်အတွင်း ငါ အဘွားတော်ကို သွားတွေ့ရမယ်"

"ကောင်းပါပြီ အရှင့်သား"

လုံဆစ်က ထွက်ခွာသွားပြီးနောက် မကြာမီတွင် ပြန်ရောက်လာ၏။ လက်ထဲတွင် ပန်းအိုးငယ်တစ်လုံးတွင် ထိုးစိုက်ထားသော ပန်းပွင့်ငယ်တစ်ခု ပါလာသည်။

"အရှင့်သား အိမ်ရှေ့မင်းသားက မှာကြားလိုက်ပါတယ် မကြာမီမှာ မိုးနတ်သမီးနဲ့ လေနတ်မင်းရဲ့ မွေးနေ့ရှိပါတယ်တဲ့ ဒါကြောင့် တံခါးပိတ်ကျင့်ကြံမှုကို မစတင်ပါနဲ့အုံးလို့ မှာလိုက်ပါတယ်"

"ကောင်းပြီ ငါသိပြီ"

လုံဆစ်ထံမှ ပန်းပွင့်ငယ်လေးကို သိမ်းယူလိုက်ပြီးနောက် မေ့ဟော်ကို ခေါ်လိုက်၏။

"မေ့ဟော်.. အိမ်ရှေ့မင်းသားက မက်မုံချောင်အကြောင်းကို စုံစမ်းနေတာ မင်းကို ခေါ်သေးလား"

မေ့ဟော်က အနားသို့ တိုးလာပြီး ဖြေကြားသည်။

"အရှင့်သားကို ဖြေကြားပါတယ်။ အရင်နှစ်ပတ်တုန်းက အိမ်ရှေ့မင်းသားက ကျွန်မကို ဆင့်ခေါ်ပြီးတော့ မေးမြန်းပါတယ်"

"မင်း ဘယ်လို ထင်လဲ"

"မက်မုံချောင်မှာ အတွင်းနဲ့အပြင် ကန့်သတ်ထားပါတယ်။ မက်မုံချောင် အင်အားနည်းလာတာ မှန်ပေမဲ့ မက်မုံချောင်အတွင်းပိုင်းက ကိစ္စကို အပြင်ဘက်ကလူတွေက မသိရပါဘူး။ ဒါကြောင့် မက်မုံချောင်အတွင်းမှာ နေထိုင်တဲ့ ဟွားချွေနတ်ဘုရားမရဲ့ ဆက်ခံသူတွေ အကြောင်းကို အပြင်ပိုင်းက နတ်တွေက မသိနိုင်ပါဘူး။ မက်မုံချောင်အတွင်းကို စည်းနဲ့ ပိတ်ကာထားတဲ့အတွက် အတွင်းပိုင်းကို ဝင်နိုင်တဲ့သူလည်း မရှိပါဘူး။ ဒါကြောင့် အိမ်ရှေ့မင်းသား လိုချင်တဲ့ အဖြေနဲ့ ကိုက်ညီမှု မရှိဘူးလို့ ထင်ပါတယ်"

"ကောင်းပြီ ငါနားလည်ပြီ မင်း လုပ်စရာ ရှိတာ သွားလုပ်တော့.."

"ပြီးတော့ ကောင်းကင်ညီလာခံကနေ ဘာသတင်းကြားသေးလဲ"

ဟူအာ ထပ်မေးလိုက်တော့ ကျွင်းကျီက ညီလာခံမှ လတ်တလော

အဖြစ်အပျက်များကို မှတ်တမ်းတင်ထားသည့် စာအုပ်လိပ်များကို ထုတ်ယူလာပြီး ကမ်းပေးသည်။

"အရှင့်သား မက်မုံချောင်မှာ စုံစမ်းစစ်ဆေးဖို့ ကောင်းကင်မင်းကြီးက နတ်စစ်သူကြီး ကျန်းဖေးယွင်ကို တာဝန်ပေးအပ်ခဲ့ပါတယ်။ ကျန်းဖေယွင် နတ်စစ်သူကြီးက မက်မုံတောင်နဲ့ ထုံလုတောင်ကို စစ်ဆေးနေပါတယ်"

"ရလဒ်ကရော.."

"အခုထိ ရလဒ်က မေ့ဟော် ပြောတဲ့အတိုင်းပါပဲ ထုံလုတောင်ကရော မက်မုံချောင်ကပါ အရှင်သခင်အစစ်အမှန်ကို ရှာမတွေ့နိုင်ကြပါဘူး"

"တခြား ရှိသေးလား"

"ဒီလအတွင်း ခရီးသွားနေတဲ့ ကောင်းကင်နတ်တွေ နတ်သက်ကြွေတဲ့ နှုန်းက မြင့်လာပါတယ်။ ကောင်းကင်မင်းကြီးက ရှေးဟောင်းနတ်ဘုံတည်ဖို့ စတင်လိုက်တဲ့ အချိန်မှာမှ ဒီလို အဖြစ်အပျက်တွေ ဖြစ်ပျက်လာလို့ ဒေါသထွက်နေပါတယ်"

"အိမ်ရှေ့မင်းသားက ကျိုးရင်းနတ်ဘုရားကို နန်းဆောင်ထဲမှာပဲ သိမ်းဖွက်ထားပါတယ်။ နတ်မင်းတွေက ကျိုးရင်းနတ်ဘုရားကို တွေ့ဆုံဖို့ တောင်းဆိုပေမဲ့ အိမ်ရှေ့မင်းသားက ဝင်ခွင့်မပြုပါဘူး"

ဟူအာ အနည်းငယ် စိတ်ရှုပ်ထွေးသွားမိသည်။

"သူတို့က ငါ့အမေကို တွေ့ဆုံပြီးတော့ ဘာလုပ်ကြမလို့လဲ"

"ကောင်းကင်နန်းတော်မှာ နတ်မင်းတွေက တစ်ဦးချင်းစီ အသက်ကင်းမဲ့သွားကြတဲ့ နတ်သက်ကြွေမှုအတွက် စိုးရိမ်ပူပန်နေကြပြီးတော့ ကျိုးရင်းနတ်ဘုရားမဆီကနေ နတ်သက်ကယ်ရေခဲကို တောင်းဆိုချင်နေကြတာပါ။ ဒါပေမဲ့ အိမ်ရှေ့မင်းသားက ကျိုးရင်းနတ်ဘုရားမဆီကို ဒီလို ရိုက်ခတ်မှုမျိုး

မဖြစ်စေချင်လို့ နတ်မင်းတွေကို လာရာလမ်းကိုပဲ ပြန်သွားကြဖို့ ဖိအားပေးခဲ့တာပါ"

"ခမည်းတော်က ဘာလို့လဲ ငါ့အမေ နေမကောင်းလို့လား"

လုံဆစ်က ထိုစကားကို ပြန်ဖြေသည်။

"အရှင့်သား ကျိုးရင်းနတ်ဘုရားမက မွေးဖွားရက် နီးနေပြီ နှစ်နှစ်အတွင်းမှာပဲ သူက မွေးဖွားလိမ့်မယ်။ ဒါကြောင့် အိမ်ရှေ့မင်းသားက ကျိုးရင်းနတ်ဘုရားမကို စိတ်ပူတာ ဖြစ်နိုင်ပါတယ်"

***